အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

Women's League of Burma

# မြန်မာစစ်အစိုးရရဲ့ ရာဇဝတ်ကျူးလွန်မှုတွေကို တားဆီးရန် ကုလသမဂ္ဂအနေနှင့် အရေးယူချိန်တန်ပြီ

# ဗိုလ်ချုပ်သန်းရွှေကို ICC ပို့ရန် ဖိအားပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို WLB တိုက်တွန်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို မတရားစွဲချက်အသစ်နှင့် အင်းစိန်ထောင်ကို ပို့လိုက်သည့်အတွက် တကမ္ဘာလုံးက စက်ဆုတ်ဒေါသထွက်ခဲ့ကြပြီး ချက်ချင်းလွှတ်ပေးရန် ပြင်းပြင်းထန်ထန် တုံ့ပြန်တောင်းဆိုခဲ့ကြပါသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မတရားအချုပ်ခံခဲ့ရသည့် နှစ်ကာလစုစုပေါင်းမှာ (၁၃) နှစ်ကျော်ကြာခဲ့ပြီးဖြစ်ပါသည်။ ယခုနောက်ဆုံးအကြိမ် ထိန်းသိမ်းကာလသည် (၅)နှစ်ကျော်ခဲ့ပြီးဖြစ်ရာ ယခုလနောက်လုံးပတ်မှာ သက်တမ်းကုန်ဆုံးမှာဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ယခုချိန်ထိမလွှတ်သေးဘဲ ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားခြင်းသည် နိုင်ငံတကာဥပဒေကိုသာမက မြန်မာပြည်တွင်းဥပဒေကိုပါ ချိုးဖေါက်ရာကျသည်ဟု ကုလသမဂ္ဂ၏ တဖက်သတ် ထိန်းသိမ်းဖမ်းဆီးမှုဆိုင်ရာ အလုပ်ကော်မီတီက မကြာသေးခင်က ထုတ်ဖေါ်ပြောဆိုခဲ့ပါသည်။

ထင်ရှားသည့်နိုင်ငံရေးအကျဉ်းသား ဒေါ်အောင်ဆန်းစုကြည်အပြင် နိုင်ငံရေးအကျဉ်းသားပေါင်း (၂၁၀၀) ကျော်ပါ မြန်မာနိုင်ငံ၏ အကျဉ်းထောင်အသီးသီးတွင် မည်သူမှမျှော်လင့်၍မရသည့် ရက်စက်ကြမ်းကြုတ်မှု အခြေအနေများအောက်တွင် အကျဉ်းကျခံနေကြရပါသည်။ နိုင်ငံရေးအကျဉ်းသားအများစုသည် ဆိုးရွားသည့် နှိပ်စက်ညှဉ်းပန်းမှု၊ ဆေးကုသခွင့်မပေးမှု၊ မိသားစုနှင့် တွေ့ခွင့်မရမှုတို့ကို ခံစားနေရပြီး ဆွေးမျိုးမိဘများနှင့် မိုင်ပေါင်းများစွာ ဝေးကွာသည့် နေရာများကထောင်များကို ပြောင်းရွှေ့ခံနေကြရပါသည်။ ၁၉၈၈ ခုနှစ်မှစ၍ ယခုချိန်ထိ နိုင်ငံရေးအကျဉ်းသား ပေါင်း (၁၃၈) ဦး ထောင်ထဲတွင် သေဆုံးခဲ့ကြရသည်။

၂၀၀၅ ခုနှစ်က ရှမ်းတိုင်းရင်းသားခေါင်းဆောင် လွှတ်တော်ကိုယ်စားလှယ် ခွန်ထွန်းဦးကို ထောင်ဒဏ် (၉၃)နှစ် ချမှတ်ခဲ့ပါသည်။ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် မနီလာသိန်းတို့ကို လွန်ခဲ့သည့်နှစ်က ထောင်ဒဏ် (၆၅)နှစ်စီ ချမှတ်ခဲ့ပါသည်။ လူရွှင်တော် ဇာဂနာကိုလည်း နာဂစ်ဆိုင်ကလုန်းဒုက္ခသည်များကို ကူညီသည့် အမှုဖြင့် ထောင်ဒဏ် (၃၅) နှစ် ချမှတ်ခဲ့သည်။

ယင်းအပြင် စစ်အစိုးရအနေနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းနေ ကရင်၊ ကရင်နီနှင့် ရှမ်းတိုင်းရင်းသားများကို ပစ်မှတ်ထား ရှင်းလင်းသုတ်သင်မှုများလည်းလုပ်ခဲ့ပါသည်။ ရွာပေါင်း (၃၀၀၀) ကျော်ကို ဖျက်ဆီးခဲ့ပြီး ရွာသူရွာသား (၁)သန်းခန့်သည် အစားအစာ၊ ဆေးဝါးမရှိဘဲ ထွက်ပြေးပုန်းရှောင်နေကြရပါသည်။ မုဒိမ်းကျင့်ခြင်းကို စစ်လက်နက်သဖွယ် အသုံးပြုမှုနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းခြင်း၊ အရပ်သားများကို မိုင်းရှင်းကိရိယာအဖြစ်အသုံးပြုခြင်းကိုလည်း စစ်တပ်က ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးစစ်သားအသုံးပြုမှု အမြင့်မားဆုံးဖြစ်နေပါသည်။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ကုလသမဂ္ဂ၏အစီရင်ခံစာများ၊ ဆုံးဖြတ်ချက်များတွင် ဤလူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် လွန်စွာစိုးရိမ်မိကြောင်းနှင့် ချိုးဖေါက်မှုများကို ရပ်တန့်ရန် တောင်းဆိုခဲ့ပါသည်။ တိုင်းရင်းသူအမျိုးသမီးများကို စစ်တပ်က မုဒိမ်းပြုကျင့်မှုအတွက် လွတ်လပ်သည့်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အပါအဝင် တောင်းဆိုမှုများပါဝင်သည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် (၃၀) ကျော်ကို နအဖစစ်အစိုးရက ဂရုမစိုက်ဘဲ လျစ်လျူရှုခဲ့ပါသည်။

အရှေ့တီမောနိုင်ငံသမတ (Jose Ramos - Horta) မှ ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ရင် နှစ်ပေါင်းများ စွာကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုများအပါအဝင် ရာဇဝတ်မှုကြီးများအတွက် ဗိုလ်ချုပ်သန်းရွှေနှင့်တကွ တာဝန်ရှိသည့် စစ်ခေါင်းဆောင်များကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) တွင် တရားစွဲဆိုရန် ရှေ့နေချုပ်ကို တိုက်တွန်းမည်ဟု မကြာသေးခင်က ထုတ်ဖေါ်ပြောဆိုခဲ့ပါသည်။

P.O Box. 413 G P O  Chiang Mai 50000 Thailand   wlb@womenofburma.org   www.womenofburma.org

ယခုကဲ့သို့ နိုဘယ်ဆုရှင်တဦးအနေနှင့်ရော ကမ္ဘာ့ခေါင်းဆောင်တဦးအနေနှင်ပါ နအဖအစိုးရအား ပြင်းပြင်းထန်ထန် သတိပေးလိုက်သည်ကို မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)အနေနှင့် ကြိုဆိုလိုက်ပါသည်။

မြန်မာစစ်အစိုးရ၏ လက်ရှိကျူးလွန်နေမှုများကို **"စိုးရိမ်မကင်း ဖြစ်မိသည်"** ဆိုသည့်စကားထက် ကျော်လွန်ပြီး ကုလသမဂ္ဂ အနေနှင့် ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိမှုဆိုသည့် မိမိ၏လုပ်ပိုင်ခွင့်ကိုအသုံးပြုပြီး ထိရောက်သည့် ဆုံးဖြတ်ချက်များချမှတ်ရန် အချိန်ရောက်ပါပြီ။ မြန်မာနိုင်ငံကို လက်နက်တင်ပို့ရောင်းချမှုများအားလုံး ပိတ်ဆို့ တားမြစ်ရန်နှင့် စစ်အစိုးရ၏ လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် ကော်မီရှင်တရပ်ကို  အမြန်ဖွဲ့စည်းရန် လိုအပ်နေပါပြီ။

နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ယုတ်မာပက်စက်စွာထောင်ချရန် ကြိုးပမ်းမှုအပါအဝင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုအားလုံးအတွက် ဗိုလ်ချုပ်သန်းရွှေနှင့် အပေါင်းပါများအား ICC တွင် တရားစွဲဆိုနိုင်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဝိုင်းဝန်းဖိအားပေးကြပါရန် မိမိတို့မှ တိုက်တွန်းလိုက်ပါသည်။

**ဆက်သွယ်ရန်**
**လွေးအေးနန်း** (အထွေထွေ အတွင်းရေးမှူး) – ဖဖ ၈၉ ၄၃၄၂၈၄၁
**တင်တင်နွယ်** (တွဲဖက်အထွေထွေအတွင်းရေးမှူး – ၁) – ဖဖ ၈၇ ၈၄၉ ၉၃၃၂
**သင်းသင်းအောင်** (သဘာပတိအဖွဲ့ဝင်) – ဖဖ ၈၉ ၈၅၅ ၄၁၁၉